# 3 မူလတန်းကျောင်း.အလယ်တန်းကျောင်း

## 3-3 ကျောင်းအပ်ရာတွင် ဆောင်ရွက်ရမည့်အချက်များ

ဒေသအစိုးရ၏ မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်း အပ်ချိန်တွင် မိမိနေထိုင်သည့်မြို့နယ်ရုံး သို့မဟုတ် ပညာရေးကော်မတီရုံးသို့ သွားပြီး ကျောင်းတက်လိုကြောင်းပြောပြပါက ကျောင်းဝင်ခွင့်လျှောက်လွှာကို ထုတ်ပေးလိမ့်မည်။ လိုအပ်သည့်အချက်အလက်ကိုဖြည့်စွက်ပြီးတင်သွင်းပါ။ လျှောက်လွှာတင်ရာတွင် အုပ်ထိန်းသူနှင့် ကလေး၏ နေထိုင်ခွင့်ကတ်နှင့် အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာ လိုအပ်သည်။ တစ်နှစ်ပတ်လုံး ကျောင်းအပ်ရန်လျှောက်ထားနိုင်သည်။ International School၊ အစိုးရကျောင်း၊ပုဂ္ဂလိကပိုင်မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတက်လိုပါက သက်ဆိုင်ရာကျောင်းသို့တိုက်ရိုက်ဆက်သွယ်ပါ။

နေထိုင်သူမှတ်တမ်းတင်ထားပြီး နောက်ပညာသင်နှစ်တွင် မူလတန်းကျောင်းတက်ရမည့်ကလေးရှိသော အုပ်ထိန်းသူထံသို့ ကျောင်းတက်ရန်အကြောင်းကြားစာပို့လာလိမ့်မည်။ ထိုအကြောင်းကြားစာတွင် ကျောင်းတက်ရာ၌ လိုအပ်သော ကျန်းမာရေးစစ်ဆေးမှု(ကျောင်းမတက်မီကျန်းမာရေးစစ်ဆေးမှု)၏ရက်စွဲကိုရေးထားသည်။

ကျောင်းအပ်လျှောက်လွှာမရောက်လာသည့်အခါမျိုးလည်းရှိသောကြောင့် ကလေးက ၆နှစ်ပြည့်ခါနီးတွင်အ အမြန်ဆုံးမြို့နယ်ရုံး (သို့) ပညာရေးကော်မတီသို့ ဆက်သွယ်မေးမြန်းပါ။

# ၂ ပညာရေး

၂ ပညာရေး ထိပ်သို့

・ကျောင်းအပ်ရာတွင်ဆောင်ရွက်ရမည့်အချက်များ

1 အိမ်လိပ်စာကိုသတ်မှတ်ရန်။

↓

2 လိပ်စာကိုရုံးတွင်စာရင်းပေးရန်။

↓

3 နေထိုင်ခွင့်ကတ် (သို့) အထူးရာသက်ပန်နေထိုင်ခွင့်ထောက်ခံစာအား လက်ခံရယူပါ။

↓

4 ကျောင်းတက်ရန်အကြောင်းကြားစာပို့လာမည် (၉လပိုင်းတွင် နောက်နှစ် ၄လပိုင်းမှ ကျောင်းတက်သည့်ကျောင်းသားများအတွက်)

သို့မဟုတ်

5 မြို့နယ်ရုံးထံသို့ ကျောင်းလျှောက်လွှာတင်ရန်
(ရက်အနည်းငယ်ကြာလျှင် ကျောင်းဝင်ခွင့်ပြုစာပို့လာမည်။)

↓

6 သက်မှတ်ထားသည့်ကျောင်းသို့ကျောင်းဝင်ရန်ဆောင်**ရွ**က်ပါ။